# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 25 , 2023 | Volume 71, Number 18


၂၅.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၃ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၄၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၂၉၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၉.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၂.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၉.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၄၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၃၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၉၉၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲဈေးနှုန်းများ မျိုးသမားများဝယ်ယူမှုရှိ၍ ဈေးမြင့်တက်လာ

အောက်တိုဘာလ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ကုလားပဲမှာ ယခင်တစ်ပတ်ထက် ဈေးမြင့်လာသည်။ လက်ကျန်နည်းလာ၍ လှောင်လက်ကုန်သည် အရောင်းသမားများ ထုတ်ရောင်းသလောက်သာ စောင့်ဝယ်ယူနေရသည့် အခြေနေဖြစ်ခြင်း၊ ပဲခွဲစက်များမှ ပုံမှန်ဝယ်ယူမှုရှိခြင်း၊ မျိုးသမားများ ဝယ်ယူမှုရှိခြင်းတို့ကြောင့် ဈေးအနည်းငယ်မြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**ကုလားပဲဖြူလုံးကြီး**(V-2) ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၆၇၀၀၀ မှ ၂၆၈၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၆၅၀၀၀ ၊ ယခင်လ ကျပ် ၂၆၆၀၀၀ မှ ၂၆၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ မှ ၃၀၀၀ ၊ ယခင်လထက် ကျပ် ၁၀၀၀ မြင့်တက်လာသည်။

**ကုလားပဲဖြူလုံးကြီး**(V-7) ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၇၇၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၇၃၀၀၀ မှ ၂၇၅၀၀၀၊ ယခင်လ ကျပ် ၂၈၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၄၀၀၀ မြင့်တက်လာပြီး ၊ ယခင်လထက် ကျပ် ၅၀၀၀ နိမ့်ကျလာသည်။

**ကုလားပဲ (ထိုင်ဝမ်)** ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၅၇၀၀၀ မှ ၂၅၈၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၅၇၀၀၀ မှ ၂၅၈၀၀၀ ၊ယခင်လ ကျပ် ၂၅၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေပြီး ၊ယခင်လ ကျပ် ၂၀၀၀ မှ ၃၀၀၀ မြင့်တက်လာသည်။

**ကုလားပဲ**(929) ၅၆.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၆၄၀၀၀ မှ ၂၆၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၆၃၀၀၀ ၊ယခင်လ ကျပ် ၂၆၆၀၀၀ မှ ၂၆၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀ မှ ၂၀၀၀ မြင့်တက်လာပြီး ၊ ယခင်လထက် ကျပ် ၂၀၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၆-၁၀-၂၀၂၃ မှ ၂၀-၁၀-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ

FAQ/RC (2023 Crop) ကျပ် ၂၆၆၇၅၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၉၅၇၅၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၄၀၇၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၅၂၅၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၅၂၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) မှာဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၉၅ လုံး ( တန်ချိန် ၂၂၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၄၅ လုံး ( တန်ချိန် ၁၀၈၀ )လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိ ရသည်။

**ရေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရေတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရေတ်(သစ်) AC ကျပ် ၉၀၀၀၊ မြွားနီ ကျပ် ၉၀၀၀၊ အိမ်မဲ ကျပ် ၇၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ရေတ်သီးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ရေတ်ရှည် အိတ်ပေါင်း ၁၈၀၀ ( ၃၆၀၀၀ ပိဿာ )နှင့် ရေတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတ်ရှည် အိတ်ပေါင်း ၂၅၀၀ ( ၅၀၀၀၀ ပိဿာ )နှင့် ရေတ်ပု အိတ်ပေါင်း ၂၅၀ ( ၃၇၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရေတ်ရှည် အိတ်ပေါင်း ၇၀၀ (၁၄၀၀၀ ပိဿာ) နှင့် ရေတ်ပုအိတ်ပေါင်း ၁၅၀(၂၂၅၀ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၅၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာ မလိုင်(ဒုံး) ကျပ် ၃၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၈၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၅၅၀၀၊ ကြံသကာ(စ်) ကျပ် ၃၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၇၈၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒုံး) ကျပ် ၁၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀၊ ပခုက္ကူကြမ်း ကျပ် ၁၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး သကြား(ပြည်တွင်း) ကျပ် ၁၀ ဈေးကျ ဆင်းခဲ့ သည်။ ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ကန်ဒေါ်လာ ၆ သန်းကျော်လျော့ကျနေ

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုမှ ပို့ကုန်တင်ပို့မှု ကန်ဒေါ်လာ ၉ ဒသမ ၃၂ သန်း နှင့် သွင်းကုန်တင်သွင်းမှု ကန်ဒေါ်လာ ၁ ဒသမ ၀၇ သန်းကျော်သာရရှိထားပြီး ကန်ဒေါ်လာ ၆ သန်းကျော် လျော့ကျနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁၆ ဒသမ ၈၉၃ သန်းနှင့် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၀၃၂ သန်း ကုန်သွယ်မှုတန်ဖိုးစုစုပေါင်း ကန်ဒေါ်လာ ၁၆ ဒသမ ၉၂၅ သန်းရရှိထားခြင်းဖြစ်သည်။

ယင်းကဲ့သို့ လျော့ကျရခြင်းမှာ လာမည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်းပြုလုပ်သွားမည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရွေးကောက်ပွဲကြောင့် ကုန်သွယ်ရေးလုပ်ငန်းများ ပုံမှန်မလုပ်ဆောင်ခြင်းနှင့် ရာသီဥတုဆိုးရွားမှုများကြောင့်ဖြစ်ကြောင်း ရခိုင်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားထားသည်။

လက်ရှိတွင်လည်း စစ်တွေကုန်သွယ်ရေးစခန်းမှသာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်မှကုန်စည်များတင်ပို့ရန် သတ်မှတ်ထားခြင်းဖြစ်သည်။ လက်ရှိတွင် စစ်တွေဆိပ်ကမ်းမှတစ်ဆင့် ရေချိုငါး ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ငါးနီတူခြောက်၊ ကွမ်းသီး၊ ချင်းစို၊ ဇီးယို၊ ဇီးဖတ်၊ နနွင်းတက်၊ မကျည်းသီး၊ မကျည်းစေ့တို့ကို အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=134923

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၆-၁၀-၂၀၂၃ မှ ၂၀-၁၀-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူကုန်စည်ဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၃၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၉၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၈၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀ ၊ မုံရွာရှယ် ကျပ် ၃၃၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၉၅၀ ၊ မုံရွာလတ်သန့် ကျပ် ၂၈၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၈၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀၊ဆိပ်ဖြူလတ်ကြီး ကျပ် ၅၀၊ မုံရွာလတ်ကြီး ကျပ် ၁၅၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၃ စီး (၅၅၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀၃ စီး (၆၁၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၁၀ စီး( ၆၀၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၈၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၈၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၈၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၈၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၉၁၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၁၀၀ (၆၃၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၇၀၀ (၅၁၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၄၀၀ ( ၁၂၀၀၀ ပိဿာ )လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## တရုတ်နယ်စပ် ဖရဲသီးဝယ်လိုအားကောင်းနေ

တရုတ်နိုင်ငံသို့ နယ်စပ်မှ ဖရဲသီးစတင်တင်ပို့နေပြီဖြစ်၍ ဈေးနှုန်းကောင်းမွန်ကာ ဝယ်လိုအားကောင်းနေကြောင်း နယ်စပ်အခြေစိုက်လုပ်ငန်းရှင်တို့က ပြောသည်။

ကျင်စန်းကြော့ဘက်မှတဆင့် တရုတ်နိုင်ငံအတွင်းသို့ ဖရဲသီးတင်ပို့ရာတွင် တစ်ရက်လျှင် အစီးရေအနည်းငယ်သာ ဝင်ရောက်နေသည်။ မြန်မာဖက်မှ ဖရဲတင်ပို့မှု နည်းပါးနေသည့်အတွက် တရုတ်ဝယ်လက်များက လုဝယ်နေကြကာ ဈေးနှုန်းမှာ ၈၅၅ အသီးမျိုးဆိုပါက တစ်ကီလို တရုတ်ယွမ် (၂~၂.၃) ယွမ်အကြား၊ ရှမ်းသီး (၂.၅~၂.၈) ယွမ်ကြားရှိသည်ဟု ကုန်သည်တို့က ဆိုသည်။

ဖရဲသီးအရည်အသွေးကို သေချာစိစစ်ပြီး တင်ပို့ပါက ဈေးကောင်းရရှိနိုင်သလို ဈေးထပ်တက်လာမည့် အခြေအနေရှိနေကြောင်း ခန့်မှန်းထားကြသည်။ ဒီအပြင် ဖရဲသီးတင်ပို့ရာတွင် တရုတ်နိုင်ငံ ဝမ်တိန် အကောက်ခွန်ဘက်မှ သတိပေးရာတွင် ဖရဲသီးကားများအနေနှင့် အကောက်ခွန်အတွင်းသို့ဝင်ရောက်လျှင် ကောက်ရိုးကိုအသုံးပြုခွင့်မပြုကြောင်း တွေ့ရှိပါက အရေးယူမည်ဟုလည်း ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသို့ နယ်စပ်မှကုန်တင်ယာဉ်များ ဝင်ရောက်ရာတွင် ယာဉ်မောင်းများကို TBP ယာယီဝင်ထွက်ခွင့်ကဒ် သီးသန့်မရသေးသဖြင့် ရှုန်တိန်စနစ်ရှိနေဆဲဟု ခွာညိုသစ်သီးပွဲရုံက ဆိုထားသည်။

လက်ရှိကာလတွင် မိုးရာသီဖရဲသီးဖြစ်၍ တရုတ်ကိုတင်ပို့သည့် ကုန်ကားအစီးရေနည်းပါးနေဆဲဖြစ်ရာ တရုတ်ကုန်သည်များက လုဝယ်ယူနေကြရသည့် အခြေအနေတွင်ရှိနေသည်။

မြန်မာနိုင်ငံမှ ဖရဲအများစုသည် နှစ်စဉ် နိုဝင်ဘာလမှ စတင်တင်ပို့ကြသည်ဖြစ်ရာ မကြာမီ ဖရဲပို့ရာသီစတင်ရောက်ရှိလာတော့မည် ဖြစ်သည်။

မြန်မာနိုင်ငံထွက် ဖရဲသီး (၇၀) ရာခိုင်နှုန်းကို တရုတ်နိုင်ငံကသာ အဓိက ဝယ်ယူပေးနေပြီး ၂၀၂၃ ခုနှစ် နှစ်စပိုင်းတွင် ဈေးကောင်းရရှိခဲ့ကြသည်ဟု ကုန်သည်တို့က ဆိုသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် တရုတ်ကို ဖရဲတင်ပို့ရာတွင် ၈၅၅ ဖရဲသီးတစ်ကီလို တရုတ်ငွေ(၄)ယွမ်၊ ထင့်ဝမ်သီး တစ်ကီလို (၄)ယွမ်နှင့် သခွားမွှေး (၅.၂)ယွမ်အထိ ရရှိခဲ့ကြသည်။ ထို့ကြောင့် ယခုနှစ် ဖရဲစိုက်ပျိုးသည့်ကာလတွင် တရုတ်လုပ်ငန်းရှင်များ၊ ဖရဲကုမ္ပဏီအများအပြားမှလည်း ဖရဲသီးကို ဧကအများအပြားစိုက်ပျိုးခဲ့ကြပြီး ဖရဲစိုက်တောင်သူအများစုမှလည်း စိုက်ပျိုးထားကြသည်။

**Source: http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2026077**

## မြိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်သွင်းကုန် ကုန်သွယ်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်းမှ၂၀၂၃ ခုနှစ်၊အောက်တိုဘာလ (၁၈)ရက်နေ့မှ အောက်တိုဘာလ (၂၂) ရက်နေ့အတွင်း ပို့ကုန်တင်ပို့မှု ငါးမှုန့်တစ်တန်လျှင် (၈၈၇) ဒေါ်လာနှုန်းဖြင့် (၇၂၀) တန် ၊ တန်ဖိုး (၀.၆၃၉) ဒေါ်လာသန်း၊ ငါးကြိတ်သား တစ်တန်လျှင်(၁၇၉၄) ဒေါ်လာနှုန်းဖြင့်(၁၄.၄) တန် ၊ တန်ဖိုး(၀.၀၂၆) ဒေါ်လာသန်းအားအကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ် Form D အကျိုးခံစားခွင့်လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်းဖြင့် မောတောင်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပရာကျွတ်ကရီခမ်ခရိုင်သို့တင်ပို့နိုင်ခဲ့ပါသည်။ မြိတ်ကုန်သွယ်ရေးစခန်းမှ မောတောင်ကုန်သွယ်ရေးစခန်းအထိ ကုန်တစ်တန်လျှင် ကားခ (ကုန်ကျစ်) ၁၀၀၀၀၀ိ/-(ကျပ်တစ်သိန်း) ရှိကြောင်းသိရှိရပြီး ကုန်သွယ်မှု လမ်းကြောင်းအနေဖြင့် မြိတ် – ထားဝယ် – ရန်ကုန်လမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရှိရပါသည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ်၊အောက်တိုဘာလ (၁၈)ရက်နေ့မှ အောက်တိုဘာလ (၂၂)ရက်နေ့အတွင်း သွင်းကုန်တင်သွင်းမှု ဒီဇယ်ဆီတစ်တန်လျှင် (၁၀၁၉)ဒေါ်လာနှုန်းဖြင့်(၁၀၀) တန်၊ တန်ဖိုး (၀.၁၀၂) ဒေါ်လာသန်း တင်သွင်းခဲ့ပါသည်။ မြိတ်ဒေသတွင် ဓာတ်ဆီတစ်လီတာ (၃၀၀၀) ကျပ်နှင့်ဒီဇယ်တစ်လီတာ (၃၀၄၅) ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ကျပ်/ဘတ်ငွေလဲနှုန်းမှာ (၁) ဘတ်လျှင် (၉၁) ကျပ်ဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရပါသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade/%E1%80%99%E1%80%BC%E1%80%AD%E1%80%90%E1%80%BA%E1%80%80%E1%80%AF%E1%%

## မန္တလေးကုန်စည်ဒိုင်၏ ပဲဈေးနှုန်းဈေးကွက်အခြေအနေ

အောက်တိုဘာလ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပို့ကုန်ပဲများ လက်ကျန်နည်းလာပြီး၊ အမြင့်ဈေးဖြင့် ဈေးငြိမ်နေကြောင်းသိရသည်။

မတ်ပဲမှာ လက်ကျန်နည်းကာ ဈေးကွက်ထဲ အဝင်နည်းပေမဲ့ ပြည်ပအဝယ် လိုက်လာသောကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။ မတ်ပဲ ၆၀ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၅၇၀၀၀ မှ ၂၅၈၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၅၂၀၀၀ မှ ၂၅၅၀၀၀၊ ယခင်လ ကျပ် ၂၃၅၀၀၀ မှ ၂၄၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀၀ မှ ၅၀၀၀ ၊ ယခင်လထက်ကျပ် ၁၃၀၀၀ မှ ၂၂၀၀၀ မြင့်တက်လာသည်။

ပဲတီစိမ်း (အညာ) မှာ ယခုတစ်ပတ် ဈေးအနည်းငယ်အေးနေပြီး၊ အရည်အသွေးနှင့်အစိုဓာတ် အပေါ်မူတည်၍ ရောင်းဝယ်နေကြခြင်းကြောင့် ဈေးအပြောင်းအလဲဖြစ်နေတာမို့ အများကြီးကျဆင်းတာမျိုးမဟုတ်ပဲ ပုံမှန်ပေါက်ဈေးထက် အနည်းငယ်ကျခြင်းဖြစ်ကြောင်း၊ ပြည်ပတင်ပို့မှုရှိကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။ ပဲတီစိမ်း (အညာ) ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၅၅၀၀၀ မှ ၁၇၂၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၅၅၀၀၀ မှ ၁၇၃၀၀၀ ၊ ယခင်လ ကျပ် ၁၆၀၀၀၀ မှ ၁၇၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ ၊ ယခင်လထက် ကျပ် ၃၀၀၀ မှ ၅၀၀၀ နိမ့်ကျလာသည်။

ပဲစင်းငုံ(နီ) ကတော့ ပြည်တွင်းလက်ကျန်နည်းလာသောကြောင့် အရောင်းအဝယ်အေးပြီး ဈေးကျဆင်းလာကြောင်း သိရသည်။ ပဲစင်းငုံ(နီ) ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် တွင် ကျပ် ၃၈၀၀၀၀ မှ ၊ ယခင်တစ်ပတ် ကျပ် ၃၉၀၀၀၀

၊ ယခင်လ ကျပ် ၃၇၅၀၀၀ မှ ၃၈၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၁၀၀၀၀ နိမ့်ကျလာပြီး ၊ ယခင်လထက် ကျပ် ၅၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## အစ္စရေး၌ ပဋိပက္ခဖြစ်ပွားနေသော်လည်း ထိုင်းနိုင်ငံတွင် ပြည်တွင်းကုန်စည်ဈေးနှုန်းများ တည်ငြိမ်နေဆဲဖြစ်

အစ္စရေးနှင့်ဟားမတ်စ်တို့အကြား ပဋိပက္ခရှိနေဆဲဖြစ်သော်လည်း ကမ္ဘာ့ဆီဈေးတည်ငြိမ်နေသဖြင့် ထိုင်းနိုင်ငံအတွင်းရှိ ပြည်တွင်းကုန်စည်ဈေးနှုန်းများကိုလည်း သက်ရောက်မှုမရှိသေးပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တင်သွင်းသည့် ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေးနှင့် တိရစ္ဆာန်အစာပစ္စည်းများ၏ ဈေးနှုန်းကို စောင့်ကြည့်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားပြီး ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားပါသည်။

ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေး၏ ကုန်ကျစရိတ်တွင် ဆီဈေးနှုန်းသည် အဓိကအရေးပါပါကြောင်း၊ ဆီဈေးနှုန်းသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တည်ငြိမ်နေဆဲဖြစ်ပါကြောင်း၊ ပြည်တွင်းကုန်စည် ဈေးနှုန်းများမြင့်တက်မည့် အလားအလာ မတွေ့ရပါကြောင်း၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနသည် စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကမ္ဘာ့ဆီဈေးနှင့် အရေးပါသည့် တင်သွင်းကုန်ကြမ်းများ၏ ဈေးနှုန်းများကို စောင့်ကြည့်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံသည် ဓာတုဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေးနှင့် တိရစ္ဆာန်အစာထုတ်လုပ်သည့် ကုန်ကြမ်းအချို့ကို ပြည်တွင်းတွင်ထုတ်လုပ်သော်လည်း အချို့ကို အခြားနိုင်ငံများမှ တင်သွင်းပါကြောင်း ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Chakra Yodmani က ပြောကြားပါသည်။

အစ္စရေး-ဟားမတ်စ် ပဋိပက္ခသည် ရုရှား-ယူကရိန်း ပဋိပက္ခကဲ့သို့ ကုန်စည်ဈေးနှုန်းများအပေါ် သက်ရောက်မှု မရှိပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် သီးနှံနှင့်ဓာတ်မြေဩဇာ အဓိကထုတ်လုပ်သူများ မဟုတ်ကြပါကြောင်း၊ သက်ရောက်မှုရှိခဲ့မည်ဆိုပါက ဆီဈေးနှုန်းပေါ်တွင်သာ ဖြစ်နိုင်ကြောင်း၊ ပြည်တွင်း၌ ဓာတုဓာတ်မြေဩဇာ တန် ၈၃၀,၀၀၀ လက်ကျန်ရှိပြီး တောင်သူလယ်သမားများ၏ လိုအပ်ချက်အတိုင်း လုံလောက်နေသေးပါကြောင်း၊ ၈ လအတွင်း တန်ချိန် ၃.၄၄ သန်း တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

လက်ရှိတွင် ဓာတုဓာတ်မြေဩဇာဈေးနှုန်းသည် တည်ငြိမ်နေပြီး ရေရှည်တွင်လည်း တည်ငြိမ်နေမည်ဟု မျှော်လင့်ရပါကြောင်း၊ ကမ္ဘာ့ဆီဈေးနှုန်းနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ စတင်မြင့်တက်နေပြီဖြစ်သော်လည်း ယခင်နှစ်အတိုင်း ဈေးနှုန်း နိမ့်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။

**Source: www.bangkokpost. gov**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_251020231126

## STOCK EXCHANGE (25.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,205 (Shares) | 50,851,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 551 | 4,959,000 | 33,109,694 | 297,987 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 3,000 | 2,950 | 3,642 | 10,745,400 | 38,929,150 | 114,841 |
| MCB | 00003 | 7,700 | -200 | -2.53% | 7,500 | 7,700 | 7,500 | 321 | 2,417,900 | 10,400,986 | 80,088 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 108 | 183,600 | 29,664,613 | 50,430 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,700 | 2,700 | 2,650 | 1,434 | 3,800,200 | 12,823,224 | 33,982 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,050 | 2,100 | 2,050 | 405 | 830,500 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 1,234 | 6,046,600 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 510 | 868,400 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 25th Oct. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.05 | -1.73 | -0.46% | 378.25 | 378.25 | 377.05 | 8,205 | 29,851,600 | 8 | 711,186 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 25th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 18,205 (Shares) | 50,851,600 (MMK) |

### Main Board

As of 1:00 pm, 25th Oct. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,205 (Shares) | 50,851,600 (MMK) |

| MYANPIX | 377.05 ▼ 1.73 |
|---|---|
| Total Volume (shares) | 8,205 |
| Total Value (MMK) | 30 mil |
| Listed Company | 8 |
| Market Cap. (MMK) | 711,186 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,700 | ▼ 200 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |